# ပန်းစိပ်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းစိပ်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပန်းစိပ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး** | ၁၂ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၅ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၂ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၆ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၈ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၇၀ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု  အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြုဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းစိပ်ကျေးရွာ
လောင်းလုံးမြို့နယ်

## ပန်းစိပ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ပန်းစိပ်ကျေးရွာသည် ပထဝီအနေအထားအရ တောင်တန်းနှင့် မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပါသည်။ အရှေ့ဘက်တွင် စွန်တောင်ပေါ်ကျေးရွာနှင့် စခန်းကြီးကျေးရွာ၊ မြောက်ဘက်တွင် ဖွားဘုတ်ပြင်ကျေးရွာ၊ တောင်ဘက်တွင် တောရှည်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ အနောက်ဘက်တွင် တောင်တန်း၊ မြောက်ဘက်တွင် ရာဘာနှင့် သီဟိုဠ်ခြံများ၊ တောင်ဘက်တွင် လယ်မြေ၊ စခန်းကြီးဥယျာဉ်ခြံနှင့် စိုက်ပျိုးရေး သိပ္ပံကျောင်းလည်း ရှိပါသည်။ စခန်းကြီးကျေးရွာအုပ်စုအထဲတွင် ပါဝင်ပြီး အုပ်စုခွဲကျေးရွာဖြစ်ပါသည်။ စခန်းကြီး ကျေးရွာမှ မြေသားလမ်း(၁)မိုင်ကို ဖြတ်ကျော်ရပြီး ထားဝယ်မြို့နယ်မှ (၈)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ ပါသည်။ ပန်းစိပ်ကျေးရွာတွင် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာဘာလုပ်ငန်း တို့ကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေ ချိန်မှာ (၁၈၉.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ပန်းစိပ်ကျေးရွာတွင် ဓာတ်သတ္တု ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း တောတောင်များမှ ချောတောဝက်များကို တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။ သဘာဝအပင်မျိုးစိတ်များကို အနီး အနားပတ်ဝန်းကျင်တွင် အနည်းငယ်တွေ့ရတတ်ပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ ထို့အပြင် တောင်တန်းများတွင် ရာဘာခြံ၊ သီဟိုဠ်ခြံများလည်း ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပန်းစိပ်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်း လုံခြုံရေး တို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ ပျို/လူပျိုအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ မိဘဆရာအသင်း၊ မီးသတ်အဖွဲ့၊ လူလတ်အဖွဲ့၊ ကလေးလူငယ်စောင့်ရှောက်ရေးအဖွဲ့၊ ရဲတံခွန်အဖွဲ့၊ အနာဂတ်အလင်းရောင်အဖွဲ့

စသည့် အဖွဲ့များ အားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင် ဆောင်ရွက် လျက်ရှိသည်။ ယခုအခါတွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက် နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။ ထို့ကြောင့် ပြင်ပ အကူ အညီများ ရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက် ရန် လိုအပ်နေပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ပန်းစိပ်ကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေများသာ ရှိပြီး (၉၁)ကေခန့်ရှိ ပါသည်။ ဥယျာဉ်ခြံမြေမှာ(၆၀)ကေခန့်ရှိပြီး ရာဘာကို အဓိကထားစိုက်ပျိုးကာ သီဟိုဠ် အနည်းငယ် လည်း ရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ပျိုးမြေ (၃၀)ကေ ရှိပါသည်။ ရာဘာအား အောက်တိုဘာလတွင် စတင်ထွက်ရှိပြီး ဧပြီလကုန်အထိ လုပ်ကိုင် နိုင်ပါသည်။ အထွက်နှုန်းမှာ (၁)ကေ လျှင် အများဆုံး(၇၀၀)ပေါင်ထွက်ရှိပြီး အနည်းဆုံး (၅၀၀)ပေါင် ထွက်ရှိပါသည်။ ပျှမ်းမျှအားဖြင့် (၁)ကေလျှင် (၆၀၀)ပေါင်ထွက်ပြီး အမြတ်ရရှိနိုင်မှု အလယ် အလတ်ရှိကာ သွင်းအားစု လိုအပ်ချက် အသင့်အတင့်ရှိပါသည်။ ရာဘာဈေးနှုန်းမှာ တစ်ပေါင်လျှင် (၆၀၀-၇၀၀)ကျပ် အကြားရှိပါသည်။ သီဟိုဠ်စေ့မှာ တစ်ပိဿာလျှင် (၃၀၀၀) ခန့် ရရှိပါသည်။ စပါးအထွက်နှုန်းမှာ အများဆုံး(၅၀)တင်းထွက်ရှိပြီး အနည်းဆုံး(၃၀) တင်း ထွက်ရှိပါသည်။ ပျှမ်းမျှအားဖြင့် (၁)ကေလျှင် တင်း(၄၀)ထွက်ရှိ ပါသည်။ စပါးထွက် ချိန်တွင် လောင်မီးပိုးကျရောက်ခြင်း၊အရွက်စားပိုးများ ကျရောက်ခြင်း တို့ဖြစ်တတ်ပါသည်။ ထို့အပြင် မိုးရာသီတွင် တောတောင်များမှ ရေစီးဆင်းမှုကြောင့် လယ်ကွင်းများအထဲသို့ ရေဝင် ရောက်တတ်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ကာ ပျိုးပင်များပျက်စီးဆုံးရှုံးရ တတ်ပါသည်။ ပန်းစိပ်ကျေးရွာတွင် ဆင်းရဲသားတောင်သူများသည့်အတွက် လယ်ယာသုံး စက်ကိရိယာ များအား ငှါးရမ်းလုပ်ကိုင် သူများပြားပါသည်။ လယ်ယာသုံး စက်ကိရိယာ အဖြစ် ထွန်စက်ကို အဓိကထား အသုံးပြုပြီး စက်ကိရိယာ လုံလောက်မှု မရှိပါ။ ထို့ကြောင့် ငှါးရမ်း အသုံးပြုရပြီး ထွန်ယက်စိုက်ပျိုး ငှါးရမ်းခအား တစ်ကေလျှင် (၃၅၀၀၀)ကျပ်ပေးရ ပါသည်။ ပျှမ်းမျှ အားဖြင့် (၁)ကေလျှင် (၁)ရက်ခန့်ကြာတတ်ပါသည်။ ရိတ်သိမ်းချိန်တွင် လယ်ယာသုံး စက်ကိရိယာ

များအား အလှည့်ကျ စောင့်ဆိုင်းရသဖြင့် စပါးများ အမှည့်လွန် ကာ ပျက်စီးဆုံးရှုံးမှု အနည်း ငယ်ရှိပါသည်။ ထို့ကြောင့် အလေအလွင့်ပျက်စီးမှုများ မဖြစ်စေရန် လယ်ယာသုံး စက် ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ပါက တောင်သူ လယ်သမားများ စက် ကိရိယာ လုံလောက်စွာဖြင့် လယ်ယာ လုပ်ငန်း များအား အချိန်မီပြီးစီးအောင် ဆောင်ရွက် နိုင်ပြီး အလေအလွင့် လျော့နည်းလာ မည်ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သူ မရှိသလောက်ရှားပါးပါသည်။ မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေး၊ ပန်းရံ၊ ကျပန်း အလုပ်များဖြင့် တွဲဖက်၍ လုပ်ကိုင်ကြပါသည်။အများအားဖြင့် နွား၊ ကြက်၊ဝက်၊ ဘဲ တို့ကို မွေးမြူကြပါသည်။ နွားမွေးမြူသူ ဦးရေ(၂၃၀) အိမ်ထောင်စုရှိပြီး (၆၇)ကောင်ရှိပါသည်။ ထို့အပြင် ဝက်မွေးမြူသူ(၄)ဦး၊ ကြက်မွေးမြူသူ(၃၆)ဦးနှင့် ဘဲမွေးမြူသူ(၃)ဦး ရှိပါသည်။ မွေးမြူထားသော ကြက်၊ ဝက်၊ နွားများအား ရောင်းချရန် လွယ်ကူသော်လည်း ဈေးနှုန်း မှန်ကန်မှု မရှိပါ။ထို့အပြင် မွေးမြူရေး လုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်ရန် မြေယာများ ရှိသော်လည်း မွေးမြူရေးနည်းပညာများ မရရှိသဖြင့် အခက်အခဲရှိပါသည်။ မျိုးတိရစ္ဆာန် များ၊ သွင်းအားစုများ အသင့်အတင့်ဝယ်ယူနိုင်သော်လည်း နည်းပညာ ဝန်ဆောင်မှုများ မရရှိနိုင်ပါ။ ချေးငွေမှာ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့မှ ထုတ်ချေးပေးသဖြင့် အသင့်အတင့် အဆင် ပြေမှု ရှိပါသည်။ ထို့အပြင် မွေးမြူထားသော တိရစ္ဆာန်များအား လွယ်ကူစွာ ရောင်းနိုင်သော်လည်း ဈေးကောင်း မရရှိပါ။ ထိုကြောင့် ကျွန်ုပ်တိုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်လို သူများသည် နည်းပညာမရရှိသဖြင့် အခွင့် အလမ်းများ ဆုံးရှုံးနေကြောင်း လေ့လာတွေ့ ရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် အပိုဝင်ငွေများ ရရှိစေရန် အတွက် မွေးမြူရေး နည်းပညာပေး သင်တန်းများဖွင့်လှစ်ပေးရန်နှင့် မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် သစ်ထုတ်လုပ် ခြင်း လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ လက်သမား၊ပန်းရံ၊ စက်ချုပ်၊ အစိုးရဝန်ထမ်း များ၊ ပို့ဆောင်ရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျပန်းအလုပ်သမားများမှာ အိမ်ထောင်စု(၃၃)စုခန့်ရှိပါသည်။ထို့အပြင် ရာဘာခြံနှင့် သီဟိုဠ်ခြံ ကိုယ်ပိုင် မရှိသောသူများ သည် အငှါးလိုက်ကြပါသည်။ ထို့အပြင် ကျွန်ုပ်တို့ ကျေးရွာတွင် အများအားဖြင့် နိုင်ငံခြား (ထိုင်း၊ မလေးရှား) နိုင်ငံများသို့ သွားရောက် လုပ်ကိုင်သူ များပြားပြီး အိမ်ထောင်စု (၁၂၀)ရှိ သည့်အနက် (၈၀)ခန့်သွားကြပါသည်။ မိုးရာသီတွင် ကောက်စိုက်၊ ပျိုးနှုတ်သူများ ရှိပြီး

တစ်နေ့ လုပ်အားခ အများဆုံးကျား(၇၀၀၀) ကျပ်နှင့် မ(၆၀၀၀)ကျပ် ရရှိပါသည်။ ထိုသူများသည် မြေယာမဲ့ လက်လုပ်လက်စား အလုပ်သမားများ ဖြစ်ကြပါသည်။ ရာဘာခြစ်လျှင် တစ်နေ့လျှင် ကျား(၈၀၀၀)ကျပ် ရရှိပြီး မ(၅၀၀၀)ကျပ်ရရှိပါသည်။ အရောင်းအဝယ်လုပ်ကိုင်သူများမှာ အများဆုံး(၇၅၀၀-၁၂၀၀၀)အကြား ရရှိပါသည်၊ ထို့အပြင် ပန်းရံ၊ လက်သမားလုပ်ကိုင်သူများအနေဖြင့် ဆရာများမှ (၁၂၀၀၀)ကျပ်အထိ ရရှိကြပြီး လုပ်သားများမှာ (၇၅၀၀)ကျပ်ခန့်ရရှိပါသည်။ လုပ်သားများမှာ ကျွမ်းကျင်မှုရှိလျှင် လုပ်အားခပိုရပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်း မရရှိ သဖြင့် အသေးစား စက်မှုလုပ်ငန်းလုပ်ကိုင်ချင်သူများ အတွက် အခက်အခဲရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးလုပ်အားခနှင့် အမျိုးသားလုပ်အားခသည် တန်းတူနီးပါးရှိသဖြင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအတွက် စားဝတ်နေရေး အသင့်အတင့် အဆင်ပြေစေရေးအတွက် အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ လက်လုပ် လက်စားများ အပိုတင်ငွေ ရရှိ စေရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အသေးစား စက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး ရန် လိုအပ် နေပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပန်းစိပ်ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူများအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ထို့အပြင် ကျေးရွာရှိ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှလည်း ချေးငွေအသင့်အတင့်ရရှိပါသည်။ ချေးငွေမှ ရရှိသော အတိုးရငွေများအား ကျေးရွာအတွက် လိုအပ်သော နေရာများတွင် အသုံးပြုပါသည်။ ထိုချေးငွေမှာ စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လိုသူများနှင့် အရောင်းအဝယ် ပြုလုပ်လိုသူများအတွက် အဓိကထုတ်ချေးသဖြင့် တစ်နိုင်တစ်ပိုင် လုပ်ငန်း လုပ်ကိုင်လိုသူများ အတွက် အဆင်ပြေပါသည်။ ထို့အပြင် ကျေးရွာမှ တည်ထောင်ထားသော ရန်ပုံငွေအဖွဲ့လည်း ရှိသည့်အတွက် အသင့်အတင့် အဆင်ပြေမှုရှိပါသည်။ သို့သော်လည်း အရေးပေါ်ကိစ္စများ ကြုံလာပါက မိတ်ဆွေနှင့် ဆွေမျိုးများတွင် အပေါင်ပစ္စည်း တစ်စုံတစ်ရာဖြင့် အတိုးနှုန်း(၅-၁၀)%ချေးယူကြရပြီး အချိန်မီရရှိရန် အခက်အခဲရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၃)လမ်းရှိပြီးမြေသားလမ်းများ ဖြစ်ကြပါသည်။ မြေသားလမ်း များမှာ နွေရာသီတွင် ဖုန်များထခြင်း၊ မိုးရာသီတွင် ရွှံ့ဗွက်များထခြင်း တို့ကြောင့် ခရီးသွားလာသူများ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်သူများ အတွက် အခက်အခဲ များစွာရှိပါသည်။ စွန်တောင်ပေါ်-ပန်းစိပ်ကျေးရွာချင်းဆက်လမ်းမှာ ထို့အပြင် (၇၀၀၀) ပေခန့်ရှည်ပြီး လမ်းအကျယ်(၁၈)ပေခန့် ရှိသော မြေသားလမ်းဖြစ်ပါသည်။ စိုက်ပျိုးရေး သိပ္ပံ

ကျောင်း– ပန်းစိပ်ကျေးရွာ ချင်းဆက်လမ်းမှာ ပေ(၄၀၀၀)ခန့်ရှိပြီး မြေသားလမ်း ဖြစ်ပါသည်။ မိုးရာသီတွင် စခန်းကြီးဥယျာဉ်ခြံနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ဖြတ်သွား ရာ၌ ချောင်းရေကြီးမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်သဖြင့် ကျောင်းသား/သူများ၊ ဆရာ/ဆရာမများ၊အရောင်းအဝယ် လုပ်ကိုင်သူများ အခက်အခဲများစွာကြုံရပါသည်။ ထို့ကြောင့် ထိုချောင်းတွင် (၁၄’×၅’×၃’)ရှိသော ကွန်ကရစ်တံတားအသစ် တည်ဆောက် မည်ဆိုပါက ခရီးသွားလာသူများအတွက် ပိုမို အဆင်ပြေလာပါမည်။ စွန်တောင်ပေါ်– ပန်းစိပ် ကျေးရွာချင်းဆက်လမ်းအား ကျေးရွာသူ/သားများသည် တစ်နှစ်လျှင် (၂)ကြိမ် ပြုပြင်ဖာထေး မှုများ ပြုလုပ်ကြပါသည်။ ထို့ကြောင့် ထိုလမ်းများအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်မည်ဆိုပါက ကုန်ထုတ်ပစ္စည်းများ၊ ဥယျာဉ်များ သို့သွားလာရာတွင် အဆင်ပြေလာ မည်ဖြစ်ပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်း မရှိပါ။ သံလျှင်ကျေးရွာ၏ တံတားအခြေအနေမှာ ဆိပ်ခံတံတား၊ ကြိုးတံတား၊ ဝါးတံတားနှင့် ရေကျော်တံတားများ မရှိပါ။ (၁၇’×၅’×၃’)ရှိ ကွန်ကရစ်ရေပြွန်(၂)စင်းရှိပြီး ၂၀၁၆–၂၀၁၇ခု ဘဏ္ဍာရေး နှစ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသဖြင့် အသင့်အတင့်ကောင်းအမွန်မှု ရှိပါသည်။ ပန်းစိပ်ကျေးရွာသည် ကုန်းမြေအပေါ်တွင် တည်ရှိသဖြင့် လှေ၊ သမ္ဗာန်နှင့် စက်လှေများ သုံးစွဲမှုမရှိပါ။ စက်ဘီးမှာ အလယ်တန်း ကျောင်းသား/သူများ စခန်းကြီး ကျေးရွာ ကျောင်းသို့ သွားလာရေး အသုံးပြီး (၁၄)စီးရှိပါသည်။ ပန်းစိပ်ကျေးရွာမှ ထားဝယ်မြို့သို့ သွားလာရာ၌ ကား၊ သုံးဘီးနှင့် မော်တော်ဆိုင်ကယ်များကို ဦးစားပေး အသုံးပြုကြပါသည်။ သုံးဘီးနှင့် ကားခမှာ အသွားအပြန် (၁၀၀၀)ကျပ် ပေးရပြီး ဆိုင်ကယ်ငှားရမ်းသွားလျှင် (၂၅၀၀)ကျပ်ပေးရပါသည်။ ကျေးရွာကုန်ထုတ်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ထော်လာဂျီ၊ သုံးဘီး၊ကားနှင့် မော်တော်ဆိုင်ကယ် များကို အသုံးပြု ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ပန်းစိပ်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် အအသုံးပြုသော မီးများမှာ ဆိုလာနှင့် မီးစက်များဖြစ်ကြပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ရေနံဆီမီးခွက် (သို့) ဖယောင်းတိုင်တိုကို အသုံးပြုကြပါသည်။ ယခုလက်ရှိတွင် ပန်းစိပ်ကျေးရွာအထဲတွင် အစိုးရဓာတ် မီးတိုင်များ၊ မီးကြိုးများ၊ Transformer တပ်ဆင်ပြီး ဖြစ်သော်လည်း အစိုးရ မီးမရရှိသေးပါ။ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓာတ်အားလိုင်း အမြန်ရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေး တိုးတက်လာစေမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက် လာစေမှုကို အထောက် အပံ့ပေးနိုင် ပါလိမ့်မည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပန်းစိပ်ကျေးရွာတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။တီဗွီနှင့် စလောင်းများလည်း ကျေးရွာအိမ်ထောင်စု၏ (၁၆%)ကျော် ခန့်ရှိသာ ရှိပါသည်။ ထို့ကြောင့် သတင်းအချက်အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေး ဆိုင်ရာ အသိပညာများ၊ စိုက်ပျိုး/ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အားကစားဆိုင်ရာ အသိပညာများ၊ စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရရှိမှု နည်းပါးပါသည်။ ကျေးရွာတွင် လူငယ်များ စာပေလေ့လာရန်အတွက် စာကြည့်တိုက်ရှိပြီး သတင်းစာနှင့် ဂျာနယ်ရရှိမှုမှာ နည်းသဖြင့် စာပေးဗဟုသုလေ့လာရာတွင် အားနည်းကြ ပါသည်။ ထို့ကြောင့် ဗဟုသုတနှင့် နည်းပညာလေ့လာချင်သူများအတွက် စာပေဟောပြောပွဲများ၊ အသိပညာဟောပြောပွဲများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။

### ၆။ ပညာရေး

ပန်းစိပ်ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်း ရှိပါသည်။ ကျောင်း၏ ပုံစံမှာ (၆ဝ'×၃ဝ' ×၁၂')ရှိသော တစ်ထပ်တိုက်ပုံစံ ဖြစ်ပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာမ (၄)ဦးနှင့် ဆရာ(၁)ဦး စုစုပေါင်း(၅)ဦးရှိပါသည်။ ကျောင်းသားဦးရေမှာ ကျား(၂၉)ဦးနှင့် မ(၃၅) ဦး စုစုပေါင်း (၆၉)ဦးရှိပါသည်။ ယခုအချိန်တွင် ပညာရေးစနစ်ပြောင်းလဲလာသဖြင့် KG ကလေးများအား ပညာသင်ကြားရန် အခက်အခဲရှိပါသည်။ KG ကလေးများအား ပညာသင်ကြားရာတွင် တီးမှုတ်ကခုန်ခြင်း၊ ဆော့ကစားခြင်း၊ ကဗျာများ ရွတ်ဆိုခြင်းများ ပါရှိသဖြင့် ထိုလေးများအား စာသင်ပါကာ အခန်းခွဲထားခြင်း မရှိသဖြင့် ကျန်အတန်း များမှာ ပညာသင်ကြားရန် အနှောက့်အယှက်ဖြစ်ရပါသည်။ ထို့ကြောင့် KG ကလေးများ သီးသန့် နေထိုင်ရန်အတွက် (၃ဝ'×၂ဝ'×၁၂')ရှိသော ကျောင်းဆောင်တစ်ဆောင် လိုအပ်နေ ပါသည်။ ထို့အပြင် ရပ်ဝေးမှ တာဝန်ထမ်းဆောင်နေသော ဆရာမများအတွက် ဝန်ထမ်း အိမ်ရာလည်း လိုအပ်နေပါသည်။ ကျောင်းအဆောက်အအုံမှာ ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီ ဖြစ်သဖြင့် နွေရာ သီတွင် နေထိုင်ရန် အဆင်ပြေသော်လည်း မိုးရာသီတွင် မိုးယိုခြင်း ဖြစ်သဖြင့် ခွက်များဖြင့် ခံထားရပါသည်။ ကျောင်းတွင် (၂)ခန်းတွဲ အိမ်သာ (၂)လုံး ရှိပြီး သန့်ရှင်းမှုအသင့်အတင့်ရှိပါသည်။ ကျောင်းစာရေး ခုံများ မှာလည်း ကြာမြင့် နေပြီဖြစ်၍ ယိုင်နေပါသည်။ ထို့ကြောင့် စာရေးခုံ(၅)စုံအား ဖြည့်ဆည်းရန် လိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုးမှာ (၁၂၆'×၉၅'×၈၃')ပတ်လည်ရှိပြီး ယာယီကာရန် ထား သဖြင့် ခြံစည်းရိုးအား ကာရံရန် လိုအပ်နေပါသည်။ ထို့အပြင် ကျောင်းတွင် ဗီရို(၄)လုံးရှိပြီး (၂)လုံး ပျက်စီးနေသဖြင့် ဗီရို(၂)လုံး လိုအပ်နေပါသည်။ ကျောင်းသားများ ကျန်းမာ ကြံခိုင် ရေးအတွက် ကစားရန် အားကစားပစ္စည်းများ အသင့်အတင့်ရှိသော်လည်း အားကစားကွင်း မရှိပါ။ ကျေးရွာ မူလတန်းကျောင်းသည် ကျေးရွာအတွင်းတွင် ရှိသဖြင့် ကျောင်းသား/ သူများသည် စာသင်ယူရန် အဝေးသို့ သွားရောက် သင်ယူရခြင်းမရှိဘဲ ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ ကျောင်းသား/သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး

အတွက်  ရဲတံခွန်မှ လှူဒါန်းထားသော လက်တူးတွင်း(၈'Ø× ၂၀')မှ ရရှိ ပါသည်။ ကလေးများအား မူကြိုထားရာတွင် ကျေးရွာမှ(ဖြ(ဖာလုံခန့်ဝေးသော စွန်တောင်ပေါ်  ကျောင်းတွင် ထားကြပါသည်။ အလယ်တန်းအဆင့်ပညာရေးအား ကျေးရွာမှ(၁)မိုင်ခန့် ကွာဝေးသော စခန်းကြီးကျေးရွာကျောင်းတွင် တက်ရောက်ကြပါသည်။ ထို့အပြင် အထက်တန်း အဆင့် ပညာရေးအား ကျေးရွာမှ (၂/၄)မိုင်ခန့် ကွာဝေးသော ကမြောကင်း ကျောင်းတွင် ပညာသင်ကြား ကြပါသည်။  စက်ဘီးရှိသော ကလေးများသည် စက်ဘီးဖြင့် သွားရောက်ကြပြီး စက်ဘီးမရှိသောကျောင်းသားများသည် ခြေလျှင်လျှောက်ရပါသည်။ စားဝတ်နေရေး အဆင်မပြေသော မိသားစုများသည် မူလတန်းပညာကိုသာ သင်ယူကြရ သဖြင့် မူလွန်ပညာကို မရရှိပါ။ များသောအားဖြင့် အလယ်တန်းအဆင့်နှင့် ကျောင်းထွက် သည်မှာ များပါသည်။ ထိုကလေးများသည် အရွယ်ရောက်လျှင် ကျပန်းအလုပ်သမား၊ ပန်းရံအလုပ်သမားများ ဖြစ်သွားကြပြီး တစ်ချို့မှာ ထိုင်းနိုင်ငံသို့သွားရောက်ကြပြီး အလုပ်လုပ် ကြရပါသည်။ ထို့ကြောင့် ကျေးရွာတွင် အထက်တန်းတက်နိုင်သော ကျောင်းသား/ သူဦးရေ နည်းပါးသဖြင့် ဘွဲ့ရဦးရေ နည်းပါးပါသည်။ အထက်တန်းတွင် တစ်ကြိမ်ကျပါက ကျောင်းဆက်လက်ထားရှိမှုမရှိဘဲ အများစုမှာ အလုပ်ခွင်များအတွင်းသို့ ရောက်သွား တတ်ပါသည်။ ထို့ကြောင့် လက်ရှိပညာရေးအခြေအနေကို သုံးသပ်ရာတွင် ကျောင်းနေရွယ် ကလေးများ၏ ပညာရေး အခြေအနေမှာ အခက်အခဲရှိကြောင်းတွေ့ရှိရပြီး ပညာရေးဆိုင်ရာ အသိပညာဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

**၇။ ကျန်းမာရေး**

ပန်းစိပ် ကျေးရွာတွင်  ကျေးလက်ဆေးပေးခန်း မရှိပါ။(၁)မိုင်ခန့်ဝေးသော စခန်းကြီး ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် ကုသမှုခံယူရပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အခန်းနှင့် ကုတင်ဆေးဝါးများ လုံလောက်မှု မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ကျေးရွာသူ/သားများသည် ထားဝယ်မြို့ပြည်သူ့ဆေးရုံတွင်သာ အများအားဖြင့် ကုသမှုခံယူကြပြီး ကျေးရွာမှ(၈)မိုင်ခန့် ကွာဝေးပါသည်။ ထိုသို့ မြို့နယ်ဆေးရုံသို့ သွားရောက်ပါက ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ထောက်ပံ့ငွေ(၃၀၀၀၀)ကျပ် ထောက်ပံ့ပါသည်။ ညပိုင်းကျန်းမာရေးဝန်ဆောင်မှုများအတွက် အခက်အခဲ ရှိပါသည်။ ကျေးရွာတွင် ဆေးဝယ်ယူရန် ဆိုင်မရှိသောကြောင့် စခန်းကြီးကျေးရွာတွင် ဝယ်ယူကြပါသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ ပန်းစိပ်ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေး ထိုးမှုမှာ အဆုတ်ရောဂါ၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါများတွင် ကာကွယ်ဆေးထိုးခြင်း မရှိခဲ့ပါ။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးအား စခန်းကြီးကျေးရွာတွင် သွားထိုးရပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ များအတွက်၊ စုပေါင်း

ကာကွယ် ဆေးထိုးနှံမှုများလည်း ရှိပါသည်။ အာဟာရမှတ်တမ်းယူမှုမှာ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့မှ တစ်လလျှင်တစ်ကြိမ်ပြုလုပ်ပေးပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု များမှာ (၅၂%)ခန့်ရှိပြီး အများစုမှာ နေ့လုပ်နေ့စား ကျပန်းအလုပ်သမားများ ဖြစ်ကြ ပါသည်။ ငွေကြေးမတတ်နိုင်ခြင်း၊ မြေနေရာ မရှိခြင်းတို့ကြောင့် အိမ်သာဆောက်လုပ်ရန် အခက်အခဲ ရှိနေပါသည်။ ထို့ကြောင့် ကျန်းမာရေးဌာန၊ ဝေါ်ဗီရှင်ကဲ့သို့သော NGO, INGO အဖွဲ့များနှင့် ချိတ်ဆက်ပြီး သန့်ရှင်းသော အိမ်သာများ အိမ်သာများ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

ပန်းစိပ်ကျေးရွာတွင် သောက်သုံးရေ အရင်းအမြစ်အနေဖြင့် လက်တူး တွင်းအား အဓိကထား အသုံးပြုကြပါသည်။ ရေတွင်းမှာ(၃၃)တွင်းရှိပြီး ရေအရည်အသွေး အသင့်အတင့် ကောင်းမွန်ကာ မိုးရာသီနှင့်ဆောင်းရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီ တပေါင်းလ နှင့် တန်ခူးလများတွင် ရေလုံလောက်မှု အနည်းငယ် အခက်အခဲ ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိစေရေး အတွက် လက်တူးတွင်း (၆'Ø×၂၀') တူးဖော်ရန် လိုအပ်နေပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပန်းစိပ်ကျေးရွာတွင် မိုးရာသီ၌ တောင်ပေါ်မှ ရေစီးဆင်းလာမှုကြောင့် တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ ထို့သို့ဖြစ်ပါက ကျေးရွာရှိ လူငယ်လူရွယ်များ၊ ကျေးရွာအကျိုးတော်ဆောင်အဖွဲ့များ စုပေါင်းပါဝင်ကြပြီး ရေစီးရေလာကောင်းအောင် ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းများပြုပြင်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အစီအစဉ် ရေးဆွဲထားခြင်းမျိုး မရှိပါ။ မိမိအိမ်မှထွက်ရှိသော အမှိုက်သရိုက် များအား စုပုံပြီး မီးရှို့ကြပါသည်။ ထို့ကြောင့် သန့်ရှင်းသာယာလှပသော ကျေးရွာတစ်ရွာဖြစ်စေရေးအတွက် ကျေးရွာအမှိုက်စီမံခန့်ခွဲမှုစနစ်အား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သင့် ပါသည်။

**၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရပ်ရေးရွာရေး အုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်ပတ်သက်မှု မရှိပါ။ ထို့ကြောင့် အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့တွင် အမျိုးသမီးများထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ အမျိုးသမီးများ အများဆုံးပါဝင်ပါသည်။ ထို့အပြင် ပညာရေးနှင့် စာတတ် မြောက်မှု နှုန်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူနီးပါးရှိပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်း

မိန်းမပျို/ အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ ထို့အပြင် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများ အတွက် လူထု၏ အသိအမြင် ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို အချို့ အမျိုးသမီးများလည်း မသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာ ပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – စခန်းကြီး | | | ကျေးရွာအမည် – ပန်းစိပ် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | စွန်တောင်ပေါ်– ပန်းစိပ်ကျေးရွာချင်းဆက်လမ်း (၇၀၀၀'×၂၀'× ၆") အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်း | ဒုတိယဦးစားပေး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁၅၃၀'×၁၂'×၆") | |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | စိုက်ပျိုးရေးသိပ္ပံကျောင်းလမ်းအား ကွန်ကရစ်ခြင်း (၄၀၀၀'×၁၂'×၆") | |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | စိုက်ပျိုးရေးသိပ္ပံကျောင်း လမ်းပေါ်ရှိ တစ်နေရာတွင် (၁၄'×၅'×၃')ရှိ ကွန်ကရစ်ရေပြွန် ဆောက်လုပ်ခြင်းလုပ်ငန်း | |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင် မီးအမြန်ရရှိအောင် ဆောင်ရွက်ခြင်း | |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း(၆'Ø×၂၀') | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | KG ကျောင်းဆောင်အသစ်(၃၀'×၂၀'×၁၂') ဆောက်လုပ်ခြင်း လုပ်ငန်း | ပထမဦးစားပေး |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအဆောက်အဦ(၆၀'×၃၀'×၁၂')အား အမိုးပြုပြင်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုးကာရံခြင်း(၉၅'×၈၃') | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂ စာရေးခုံ(၅)စုံ ဖြည့်ဆည်းခြင်း | |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဗီရို(၂)လုံး ဖြည့်ဆည်းခြင်း | |

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – စခန်းကြီး | | | ကျေးရွာအမည် – ပန်းစိပ် | |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက်** | **အဆိုပြု လုပ်ငန်းစဉ်များ** | **မှတ်ချက်** |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအားကစားကွင်း ပြုလုပ်ခြင်း | |
| ၁၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ပညာရေးဆိုင်ရာ အသိပညာ ဟောပြောပွဲ | |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | |
| ၁၅ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ ပြုလုပ်ရန်လိုအပ်ခြင်း(ဆိုင်ကယ်ပြင်၊ အပ်ချုပ်စက်) | |
| ၁၆ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | တတိယဦးစားပေး |
| ၁၇ | စိုက်ပျိုးရေး | စက်ကိရိယာ | စိုက်ပျိုးရေးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း | |
| ၁၈ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | |
| ၁၉ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်းပြုလုပ်ခြင်း | |

## သံလျှင်ကျေးရွာ ၊ သပြေရှောင်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးပိုင်ပိုင် | ဦးကျော်ရွှေ | ၆/လလန(နိုင်)၁၀၆၂၀၈ | ၃၃ | နာယက | ၀၉-၇၈၁၁၉၁၀၅၉ |
| ၂။ | ဦးငွေ | ဦးအောင်ညွှန့် | ၆/လလန(နိုင်)၀၅၁၈၃၁ | ၄၇ | နာယက | ၀၉-၄၄၁၃၃၆၀၅၆ |
| ၃။ | ဦးမောင်ဝင်း | ဦးဖစု | ၆/လလန(နိုင်)၀၅၀၄၁၆ | ၅၃ | နာယက | - |
| | | | | | | |
| ၁ | ဦးသန်းဇော် | ဦးတင်သန်း | ၆/လလန(နိုင်)၀၇၉၁၂၇ | ၃၈ | ဥက္ကဋ္ဌ | ၀၉-၂၆၅၉၁၉၄၉၇ |
| ၂ | ဦးဝင်း(၂) | ဦးဖစု | ၆/လလန(နိုင်)၀၅၀၃၆၇ | ၆၀ | အတွင်းရေးမှူး | ၀၉-၄၅၅၈၄၀၈၃၉ |
| ၃ | ဦးမြင့်စိုး(၂) | ဦးဟံကြည် | ၆/လလန(နိုင်)၀၆၇၆၀၉ | ၅၃ | ဘဏ္ဍာရေးမှူး | - |
| ၄ | ဒေါ်သဇင်နွယ် | ဦးလေးနိုင် | ၆/လလန(နိုင်) ၁၂၄၅၀၄ | ၂၂ | စာရင်းကိုင် | ၀၉-၄၀၂၄၄၈၈၁၉ |
| ၅ | ဦးစိုးထိုက် | ဦးမောင်တင် | ၆/လလန(နိုင်)၀၈၅၃၉၉ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၄၃၆၂၈၀၀၃ |
| ၆ | ဦးမြင့်စိုး(၁) | ဦးဆန်းကြွေ | ၆/လလန(နိုင်) | ၆၃ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်သီတာငွေး | ဦးဆန်းရွှေ | ၆/လလန(နိုင်) ၁၁၇၀၁၅ | ၃၀ | အဖွဲ့ဝင် | ၀၉-၄၂၉၁၂၁၃၆၁ |
| ၈ | ဒေါ်ရီစိုး | ဦးဖေကျင် | ၆/လလန(နိုင်) ၀၉၇၀၄၃ | ၃၉ | အဖွဲ့ဝင် | ၀၉-၈၉၉၇၂၂၁၄၇ |
| ၉ | ဒေါ်သက်သက်မာ | ဦးသိန်းဝင်း | ၆/လလန(နိုင်) ၁၃၃၃၅၃ | ၂၆ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

## (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၆ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၂၁ | ၃၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၈ | ၄၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၁၉ | ၄၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၅ | ၁၇၀ | ၃၃၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅ | ၁၀ | ၁၅ |
| စုစုပေါင်း | | ၂၃၆ | ၂၅၄ | ၄၉၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၀ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် အိမ်ထောင်စု (၁၂၀)စု ရှိပြီး ကျား(၂၃၆)ဦး နှင့် မ(၂၅၄)ဦးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာရှိ ကျား၊ မ အချိုးအစားမှာ တူညီသလောက်ရှိပါသည်။ (၁)နှစ်အောက် နို့စို့အရွယ်ကလေးမှာ (၁၂)ဦးရှိပြီး ကျောင်းနေရွယ်ကလေးမှာ (၉၄)ဦးခန့် ရှိပါသည်။ အိမ်ထောင်သည်များ၏ သားဆက်ခြားဆိုင်ရာ အသိပညာ တိုးတက်လာမှု ရှိသည်ဟု ဆိုနိုင်ပါသည်။ (၆၅)နှစ်အထက် သက်ကြီး ရွာကြီးမှာ နည်းပါးပြီး (၁၅)ဦးသာ ရှိပါသည်။(၁၅)နှစ်မှ (၆၄) နှစ်အထိ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၃၃၅)ဦးရှိပြီး ကျေးရွာ၏ (၆၈%)ခန့်ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း အမြစ် ကောင်းများ အဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ ထို့အပြင် ကျေးရွာတွင် လက်လုပ်လက်စား များသဖြင့် အိမ်ထောင်စုခွဲရန် အချိန်မပေးနိုင်ဘဲ စုပေါင်းပြီးသာ နေထိုင် ကြသဖြင့် အိမ်ထောင်စု ခွဲရန် လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

## (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | ၁၅ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၂ | ၃၈ | မြင့်☐လတ်☑နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၆ | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | ၄ | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | ၁၁ | ၆ | မြင့်☐လတ်☑နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၁၆ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၂၀ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၃ | ၃၃ | ၅၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၈၉ | ၈၉ | ၁၆၅ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် ကျပန်းအလုပ်သမားများ များပြားပြီး (၅၀)ဦးရှိကာ အိမ်ထောင်စု(၃၃)စုခန့် ရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်သူ (၂၂)ဦး ရှိပြီး အခြားဝင်ငွေရ လုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်သူ(၅၃)ဦးရှိကာ ဝင်ငွေရပ်တည်နိုင်မှုမှာ အလယ်အလတ်ရှိပါသည်။ အဓိကအားဖြင့် ရာဘာစိုက်ပျိုးကြပြီး စပါးစိုက်ပျိုးသူ အနည်းငယ်နှင့် သီဟိုဠ်စိုက်ပျိုးသူ အနည်းငယ်လည်းရှိပါသည်။ ထို့အပြင် လုပ်ငန်းလုပ်ကိုင်သူများမှာ စီးပွားအဖြစ် လုပ်ကိုင်သူများမရှိဘဲအလုပ်သမားများဖြစ်ကာ အိမ်ထောင်စု(၆)စုသာရှိပါသည်။ထိုသူများမှာ ထိုင်းနိုင်ငံတွင် ပုဇွန်မွေးမြူရေးတွင် လုပ်ကိုင်သူများဖြစ်ပြီး ဝင်ငွေရပ်တည်နိုင်မှု နိမ့်ပါသည်။ ပန်းရံအလုပ်သမား(၁၇)ဦး၊ အရောင်းအဝယ်လုပ်ငန်းအား အဓိကလုပ်ကိုင်သူ ကိုင်ပိုင်(၅)ဦးနှင့် အလုပ်သမား (၇)ဦး၊ အပ်ချုပ်သူ(၁)ဦး၊ ကားဖြင့် ထားဝယ်မြို့သို့ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင် (၂)ဦး တို့ရှိကြပါသည်။ အရောင်းအဝယ်လုပ်ငန်းအား ကိုင်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၊ အပ်ချုပ်သူများ၏ ဝင်ငွေရပ်တည်နိုင်မှုသာ အသင့်အတင့်ရှိပြီး အလုပ်သမားဝန်ထမ်းများမှာ နိမ့်ပါးပါသည်။ ထို့အပြင် ပညာရေးဝန်ထမ်း(ဆရာမ) (၃)ဦးရှိပြီး ရပ်တည်နိုင်မှု နိမ့်ပါသည်။ ထို့ကြောင့် ကျေးရွာ တွင် ကျပန်းအလုပ်သမားများ များပြားသော်လည်း စက်ရုံ၊ အလုပ်ရုံများ မရှိ သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနေကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | | ၇၅၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၁၀၀၀၀ | | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | ၅၀၀၀ | | ၄၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | ၁၂၀၀၀ | | ၈၀၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် ရာဘာခြစ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် အများဆုံး ကျား(၈၀၀၀)ကျပ်နှင့် မ(၅၀၀၀)ရရှိပြီး အနည်းဆုံး ကျား(၆၀၀၀)ကျပ်နှင့် မ(၃၅၀၀)ကျပ်ရရှိပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေး၌ နေ့စားတစ်ရက်လျှင် ကျား(၇၀၀၀-၆၀၀၀)ရရှိပြီး မ(၆၀၀၀-၅၀၀၀)ကျပ်အကြား ရရှိပါသည်။ ပန်းရံလုပ်ငန်းများ မှာ အမျိုးသားများသာ လုပ်ကိုင်ကြပြီး အများဆုံး (၁၂၀၀၀)ကျပ်နှင့် အနည်းဆုံး(၇၅၀၀)ကျပ် ရရှိပါသည်။ လုပ်ငန်းကျွမ်းကျင်မှုရှိပါက လုပ်ခအား ပိုပေးကြပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးအား အမျိုးသမီးများသာ အဓိက လုပ်ကိုင်ကြပြီး တစ်ရက်လျှင်(၅၀၀၀-၁၀၀၀၀)ကျပ် အကြားရရှိပါသည်။ထို့အပြင် ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်းတွင် လုပ်ကိုင်သူများမှာ (၈၀၀၀-၁၂၀၀၀)အကြားနှင့် အပ်ချုပ်သမား များမှာ (၄၀၀၀-၅၀၀၀)ကျပ်အကြား ရရှိကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် အမျိုးသမီးများ၏ လုပ်အားခနှင့် အမျိုးသားများ၏ လုပ်အားခ သည် အနည်းအငယ်ကွဲလွဲမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ၏

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၂.၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၉.၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၉၁.၇ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် လယ်မြေ(၃၂.၆)ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။ ဥယျာဉ်ခြံမြေများတွင် အများအားဖြင့် သီဟိုဠ်နှင့် ရာဘာ အပင်များကို စိုက်ပျိုးကြပြီး (၅၉.၁)ဧက ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေအောက်ရေကိုသာ အဓိကထားရသဖြင့် ရာသီမရွေးလုပ်ကိုင်ရန် ခက်ခဲပါသည်။ ထို့ကြောင့် မိုးရာသီတွင်သာ စပါးသီးနှံများအပြင် ဟင်းသီးဟင်းရွက် အပင်များ စိုက်ပျိုးနိုင်ပါသည်။ ထို့အပြင် မြေလွတ်မြေလပ်များ မရှိသဖြင့် စိုက်ပျိုးမြေများအား တိုးချဲ့ရန် ခက်ခဲပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း ☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်၊သဲကျောက်၊

ကျောက်စရစ် စသည်များ ထွက်ရှိမှု မရှိပါ။ သဘာဝအပင်မျိုးစိတ်များကို အနီးအနား ပတ်ဝန်းကျင်တွင် အနည်းငယ်တွေ့ရတတ်ပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ သဘာဝတတိရစ္ဆာန်မျိုးစိတ်များ အနေဖြင့် တောဝက်နှင့် ချေများကို တစ်ခါတစ်ရံတွေ့ရတတ်သော်လည်း ရှားပါးပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈–ဧက | ၄–ဧက | ၁–ဧက | မရှိ |
| အိမ်အခြေအနေ | နှစ်ထပ်အိမ်၊ သွပ်မိုး၊အုတ်ကာ | တစ်ထပ်အိမ်၊ ပျဉ်ထောင်၊ဓနိမိုး | ပျဉ်ထောင်၊ဓနိမိုး | ဝါး၊ထရံကာ၊ဝါးခင်း၊ တောတိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ထော်လာဂျီ | ဆိုင်ကယ်၊ စက်ဘီး | ဆိုင်ကယ်၊ စက်ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရာဘာ၊ ဥယျာဉ် | ဈေးရောင်း | လက်သမား၊ ပန်းရံ၊ကျပန်း | နေ့စား/ကျဘမ်း |
| **အိမ်ထောင်စု** | ၁၀ | ၂၀ | ၄၀ | ၅၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာ၏ ဥစ္စာဓနအခြေအနေအား အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုဟူ၍ (၄)ပိုင်း သတ်မှတ်ထားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုမှာ(၈)ဧကပိုင်ဆိုင်ကြပြီး အိမ်အခြေအနေမှာ နှစ်ထပ်အိမ်၊ သွပ်မိုး၊ အုတ်ကာ များဖြစ်ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် ကား၊ ထော်လျာဂျီနှင့် ဆိုင်ကယ်ပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရာဘာစိုက်ပျိုးကြကာ အိမ်ထောင်စု (၁၀)စု ခန့်သာရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၀)စုရှိပြီး မြေယာပိုင်ဆိုင်မှုမှာ (၄)ဧကအကြားနှင့် အိမ်ခြေအနေမှာ တစ်ထပ်အိမ်၊ ပျဉ်ထောင်၊ဓနိမိုးများ ဖြစ်ကြပါသည်။ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြပြီး ဆိုင်ကယ်များကို ပိုင်ဆိုင်ကြ ပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၉၀)အိမ်ထောင်စုရှိပြီး ကျေးရွာ၏(၇၅%)ခန့်ရှိပါသည်။ ထိုသူများသည် အများအားဖြင့် လက်သမား၊ ပန်းရံနှင့် ကျဘန်း အလုပ်သမား များ ဖြစ်ကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် အမျိုးသမီး(၁)ဦးရှိပါသည်။ ထိုအဖွားသည် ပညာရေး(ဆရာမ) အငြိမ်းစားပင်စင် ရရှိထားပြီး သား/သမီးများ စောင့်ရှောက်မှုမရှိသဖြင့် ကျေးရွာဘုန်းကြီးကျောင်းမှ ဆရာတော်က စောင့်ရှောက်ထားပါသည်။ ထိုအပြင် ကျေးရွာတွင် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိပါ။ သို့သော်လည်း မသန်စွမ်း ကျား(၁)ဦးနှင့် မ(၁)ဦးရှိပြီး ထိုသူများသည် မိဘများနှင့်အတူ နေထိုင်ပါသည်။ ထိုသူများသည် မွေးကင်းစက ကျန်းမာသန်စွမ်းသော်လည်း

ကာကွယ်ဆေးထိုးရာမှ ခြေထောက်သိမ်သွားခြင်းဖြစ်ပါသည်။ မိန်းကလေးမှာ နယ်စပ်ရေးရာဌာနမှ ဖွင့်လှစ်သော အပ်ချုပ်စက်သင်တန်းတက်နေပြီး အမျိုးသားမှာ ကျေးရွာတွင် ကျပန်းအလုပ်ကို လုပ်ကိုင်လျက်ရှိပါသည်။ ၎င်းအပြင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁၅)စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၁)စုရှိပြီး သားသမီးများမှ ပြုစုစောင့်ရှောက်ပါသည်။ ပန်းစိပ် ကျေးရွာတွင် အခြားဒေသသို့ သွားရောက်ပြီး လုပ်ကိုင်စားသောက်သည့် ဆင်းရဲအိမ်ထောင်စုများ မရှိပါ။ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ ထိခိုက် လွယ်သည့် အုပ်စုများမှာ ကူညီစောင့်ရှောက်မှု အသင့် အတင့်ရှိသဖြင့် အနည်းငယ် အဆင်ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ မရှိသလောက် နည်းပါးပါသည်။ ငလျင်၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ရေကြီးခြင်း၊တီဘီရောဂါ၊ ပြည်တွင်း ပဋိပက္ခ များ မရှိပါ။ သဘာဝအရင်းအမြစ်များ အနေဖြင့် စိုက်ပျိုးမြေနှင့် ရေရှားပါးသဖြင့် တိုးချဲ့ရန် အခက်အခဲရှိပါသည်။ ထို့အပြင် သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအား ကျဆင်းမှု ရောဂါနှင့် တိရစ္ဆာန်ရောဂါကျ ရောက်မှု အနည်းငယ်ရှိပြီး ထိခိုက်လွယ်မှု နိမ့်ပါသည်။

**(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☑နိမ့်☐ရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☑ရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အအိမ်ထောင်စုများ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသဖြင့် ထိခိုက်လွယ်မှုမှာ အလယ်အလတ်တွင် ရှိနေပါသည်။ မြေယာမဲ့ဆင်းရဲသား တောင်သူများမှာ ကျပန်းအလုပ်သမားများသဖြင့် ထိခိုက်လွယ်မှု နိမ့်ပါသည်။ ထို့အပြင် မြစ်ကမ်းဘေးတွင် နေထိုင်သူများ၊ မတော်တဆဖြစ်နိုင်ခြေ ရှိသောနေရာများတွင် နေထိုင်သူများ၊နေရပ်စွန့်ခွာသူများ၊ ရွှေတွင်းလုပ်သားများ၊ ဆေးစွဲနေသူများ မရှိပါ။ လက်လုပ်လက်စား၊ ကျပန်းအလုပ်သမားများ များပြားပြီး အလုပ်အကိုင် အခွင့်အလမ်း ရှားပါးပါသည်။ ထို့ကြောင့် အနီးအနားပတ်ဝန်းကျင်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ပေးမည်ဆိုပါက ကျပန်းအလုပ်သမားများအတွက် ပိုမိုအဆင်ပြေလာပါမည်။ ထို့အပြင် ကားမောင်းပြီး အသက်မွေးသူ(၂)ဦးရှိပြီး ထိခိုက်မှုများ မရှိပါ။ ဒေသအတွင်း ပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ၊ နယ်စပ်တွင်နေထိုင်သူများ၊ ရွှေတွင်းအလုပ်သမားများ၊ လှည့်လည် ဈေးရောင်းသူများ မရှိပါ။ ရွှေ့ပြောင်းလုပ်သားများ (၁၆၀)ဦးခန့်ရှိပြီး ထိခိုက်လွယ်မှု အလယ်အလတ်တွင် ရှိနေပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| **က။** ကျောင်းအဆင့် | မူလတန်း☑<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၈၀၀ | | | | | | | | |
| င။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့☑ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဇ။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၄ | ၅ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာ ရှိပြီး (၆၀'×၃၀'×၁၂')ရှိပါသည်။ ကျောင်းသည် ကျေးရွာ၏ ရွာအဝင်တွင်ရှိသဖြင့် အများအားဖြင့် ခြေလျှင်အဖြစ်သာ သွားလာနေကြပါသည်။ ကျောင်းဆောက်လုပ်သည့် နှစ်မှာ ကြာမြင့်နေပြီဖြစ်၍ အရည်အသွေးညံ့ဖျင်းနေပါသည်။ နွေရာသီတွင် အဆင်ပြေသော်လည်း မိုးရာသီတွင် မိုးယိုတတ်သဖြင့် ခွက်များဖြင့် ခံထားရပါသည်။ ထို့ကြောင့် ထိုအဆောက်အအုံအား ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ထို့အပြင် ပညာရေးစနစ်သစ်ပြောင်းလဲနေပြီဖြစ်၍ KG ကလေးများ ပညာသင်ကြားရာတွင် တီးမှုတ်ကခုန်ခြင်း၊ ကစားခြင်း၊ ကဗျာရွတ်ဖတ်ခြင်း များပါရှိသဖြင့် KG ကလေးများနှင့် အတူပညာသင်ကြားရာတွင် ကျန်ကလေးများအတွက် အနှောက်အယှက်ဖြစ်ရပါသည်။ ထို့ကြောင့် KG ကလေးများနေထိုင်ရန်( ၃၀'×၂၀'×၁၂')ရှိသော ကျောင်းအဆောက်အအုံအသစ် တစ်ဆောင် လိုအပ်နေပါသည်။ ထို့အပြင် ကျောင်းခြံစည်းရိုးမှာ (၁၂၆'×၉၅'×၈၃')ရှိပြီး ယာယီကာရံ ထားသဖြင့် ကျောင်းခြံစည်းရိုး ကာရံရန် လိုအပ်နေပါသည်။ ကျောင်းတွင် သောက်သုံးရေအဖြစ် လက်တူးတွင်းမှ ရေကိုအသုံးပြုပါသည်။ထိုရေတွင်းမှာ (၈'Ø×၂၀')ရှိကာ ရဲတံခွန်မှ လှူဒါန်းထားပြီး အရည်အသွေး ကောင်းမွန်ပါသည်။ထို့အပြင် (၂)ခန်းတွဲအိမ်သာ(၂)လုံးရှိပြီးဆရာမ(၂)ခန်း၊ ကျောင်းသား/သူ(၂)ခန်း အသုံးပြုကာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျောင်းသားဦးရေမှာ (၆၄)ဦးရှိသဖြင့် ကျောင်းသား ဦးရေနှင့် နှိုင်းယှဉ်ပါက အိမ်သာလုံလောက်မှု မရှိပါ။ ထို့အပြင် ကျောင်းရှိ စာရေးခုံများ ကြာမြင့် နေပြီဖြစ်၍ ယိုင် နေပါသည်။ ထို့ကြောင့် ကလေးများ အတွက် စာရေးခုံ(၅)စုံ လိုအပ်နေပါသည်။ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုရှိသော်လည်း နည်းပါသည်။ ထို့အပြင် အစိုးရခန့် ဆရာမ(၄) ဦးနှင့်ဆရာ(၁)ဦးရှိပြီး ဆရာမ(၂)ဦးမှာ ဒေသခံများ မဟုတ်သဖြင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ် ပေးရန်လိုအပ်နေပါသည်။ အလယ်တန်းပညာရေးအား ကျေးရွာမှ(၁)မိုင်ခန့်ကွာဝေးသော စခန်းကြီး

ကျေးရွာတွင်တက်ရောက်ကြပြီး အထက်တန်းပညာရေးကိုမူ (၂/၄)မိုင်ခန့်ကွာဝေးသော ကမြောကင်းကျေးရွာတွင် တက်ရောက်ကြပါသည်။ စက်ဘီးစီးနိုင်သော ကျောင်းသားများမှာ စက်ဘီးဖြင့် သွားရောက်ကြပြီး မရှိသောသူများသည် ခြေလျှင်သွားကြပါသည်။ ငွေကြေး အသင့်အတင့်ပြည့်စုံသော မိသားစုများမှာ ထားဝယ်မြို့ရှိ (ဘော်ဒါဆောင်)များတွင် ပညာသင်ကြားကြပါသည်။ ကျောင်းတွင် အားကစား ပြုလုပ်ရန် အားကစားကွင်း မရှိပါ။ ကျောင်းသား/သူများသည် အားကစားစိတ်ဓါတ်မြင့်မားကြပြီး လွန်ခဲ့သော နှစ်က ခရိုင်အဆင့် အမြင့်ခုန် ပြိုင်ပွဲတွင် ဆုရရှိခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသား /သူများ အားကစားစွမ်းရည် ပိုမိုမြင့်မားစေရေးအတွက် အားကစားကွင်းပြုလုပ်ရန် လိုအပ်နေ ပါသည်။

### (ဆ-၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် ☐ ၄၀: ၁ အထက် ☑ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☐ လတ် ☐ များ ☑ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်☐ မလုံလောက်☑ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☑ နည်း ☐ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာအချိုးမှာ ၁၃: ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေးအထူးစီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံလောက် မှု မရှိပါ။ နိုင်ငံတော်မှ အခြေခံပညာရေးအား အခမဲ့သင်ကြားခွင့် ရှိသဖြင့် ဆင်းရဲသောမိသားစုများ အတွက် ကျောင်းမနေသူများ မရှိပါ။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက်နည်းပါးပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။

### (ဇ) ကျန်းမာရေးနှင့်အာဟာရ

### (ဇ-၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☑ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်☑ မရှိ☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ် ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ ၊ အာဟာရချို့တဲ့မှုများမှာ မရှိသလောက်နည်းပါးပါသည်။

## (၈–၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါများတွင် ကာကွယ်ဆေးထိုးခြင်း မရှိခဲ့ပါ။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးအား စခန်းကြီး ကျေးရွာတွင် သွားထိုးရပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါ များအတွက်၊ စုပေါင်းကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။ အာဟာရမှတ်တမ်းယူမှုမှာ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ တစ်လလျှင်တစ်ကြိမ်ပြုလုပ်ပေးပါသည်။ အာဟာရ ပညာပေးအစီအစဉ် များ ပြုလုပ်မှု မရှိသေးပါ။

### (၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☑<br>၁ဝ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☑<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည်☑<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ (၁) မိုင်ခန့် သွားရောက်ရပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အခန်းနှင့် ကုတင် ဆေးဝါးများ လုံလောက်မှု မရှိပါ။ ထိုကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ကျေးရွာသူ/သားများသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံတွင်သာ အများအားဖြင့် ကုသမှုခံယူကြပြီး ကျေးရွာမှ (၈)မိုင်ခန့် ကွာဝေးပါသည်။ ထိုသို့ မြို့နယ်ဆေးရုံသို့ သွားရောက်ပါက ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ထောက်ပံ့ငွေ (၃ဝဝဝဝ)ကျပ် ထောက်ပံ့ပါသည်။ ညပိုင်းကျန်းမာရေး ဝန်ဆောင်မှုများအတွက် အခက်အခဲ ရှိပါသည်။ ကျေးရွာတွင် ဆေးဝယ်ယူရန် ဆိုင်မရှိပါ။ စခန်းကြီးကျေးရွာတွင် ဝယ်ယူကြပြီး ဆေးဝါး များအား စနစ်တကျ သိုလှောင်ထားပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၃၃ | ရှိ☑ မရှိ☐ | ကောင်း☐ သင့်☑ ညံ့☐ | နွေ☐<br>မိုး☑<br>ဆောင်း☑ |
| အဝီစိတွင်း/ စက်တပ် | - | ရှိ☑ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| အဝီစိတွင်း/ တုံကင် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မိုးရေ သိုလှောင်ကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မြစ်/ချောင်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| ရေကန် | - | ရှိ ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် သောက်သုံးရေ အရင်းအမြစ်အနေဖြင့် လက်တူးတွင်းအား အဓိကထား အသုံးပြုကြပါသည်။ ရေတွင်းမှာ (၃၃) တွင်းရှိပြီး ရေအရည် အသွေး အသင့်အတင့်ကောင်းမွန်ကာ မိုးရာသီနှင့်ဆောင်းရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီ တပေါင်းလနှင့် တန်ခူးလများတွင် ရေလုံလောက်မှု အနည်းငယ် အခက်အခဲ ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် လက်တူးတွင်း

(၆'Ø×၂၀') တူးဖော်ရန် လိုအပ်နေပါသည်။ ပန်းစိပ်ကျေးရွာတွင် အဝီစိတွင်း (တုံကင်)၊ မိုးရေ သိုလှောင်ကန်၊ မြစ်/ချောင်း ရေနှင့် ရေကန် သုံးစွဲမှုများ မရှိပါ။

### (ဈ-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၅၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၆၃ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် အိမ်ထောင်စု(၁၂၀)ရှိသည့်အနက် (၅၇)အိမ်ထောင်စုသာ သန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြပြီး အိမ်သာမရှိသောအိမ်ထောင်စု(၆၃)စု ရှိပါသည်။ သန့်ရှင်းသော အိမ်သာသုံးစွဲသူများမှာ ယင်လုံအိမ်သာ(ကော်ခွက်များ)သာ အသုံးပြုကြပြီး ရေဆွဲ အိမ်သာများ မရှိပါ။ အိမ်သာမရှိသော အိမ်ထောင်စုအချို့မှာ ဆွေမျိုးများထံတွင် မျှဝေ အသုံးပြုကြပြီး အချို့မှာ အဆင်ပြေသလို အသုံးပြုကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု အများစုမှာ နေ့လုပ်နေ့စား ကျပန်းအလုပ်သမားများ ဖြစ်ကြပြီး ငွေကြေးမတတ်နိုင်ခြင်း၊ မြေနေရာ မရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဌာန၊ ဝေါ်ဗျီရှင်ကဲ့သို့သော NGO, INGO အဖွဲ့များနှင့် ချိတ်ဆက်ပြီး သန့်ရှင်းသော အိမ်သာများ အိမ်သာများ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

### (ည) ကျား - မ ရေးရာ

ဇယား (၃၉) ကျား - မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ☐ | မရှိ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် အသင့်အတင့် ပါဝင်မှုရှိပါသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေး များ/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အသင့်အတင့်ရှိသဖြင့် အမျိုးသမီးများအတွက် လုံးခြုံမှု ရှိပါသည်။

### (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ–၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃☐<br>၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☑ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑<br>၁–၅မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐<br>၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐၃☐<br>၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☑ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**။မြေသားလမ်း –၁၊ ကျောက်ခင်းလမ်း –၂၊ ကျောက်ချောလမ်း –၃၊ ကွန်ကရစ်လမ်း –၄၊ ကတ္တရာလမ်း –၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာတွင်းလမ်း(၃)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ ရွာတွင်းလမ်းများမှာ ကျဉ်းမြောင်းပြီး ၈၀၀'၊ ၃၃၀'နှင့် ၄၀၀'တို့ရှိကြပါသည်။ လမ်းများမှာ မြေသားလမ်းများဖြစ်သည့်အတွက် နွေရာသီတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ရွှံ့ဗွက်များဖြင့် ပြည့်နှက်နေသဖြင့် အခက်အခဲများစွာဖြင့် ကြုံနေတွေ့ရပါသည်။ စွန်တောင်ပေါ်–ပန်းစိပ်ကျေးရွာချင်းဆက်လမ်းမှာ (၇၀၀၀)ပေခန့်ရှည်ပြီး လမ်းအကျယ်(၁၈)ပေ ခန့်ရှိကာ မြေသားလမ်းဖြစ်ပါသည်။ ထိုလမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် မြေပြင် မညီညာခြင်း၊ နွေရာသီတွင် ဖုန်များထခြင်း၊ မိုးရာသီတွင် ရွှံ့ဗွက်များထခြင်းတို့ကြောင့် သွားလာရန် ခက်ခဲပြီး ကုန်စည်စီးဆင်းမှုလည်း နှောင့်နှေးကြန့်ကြာမှုရှိပါသည်။ အဆိုပါလမ်းအား ကျေးရွာသူ/ သားများသည် တစ်နှစ်လျှင် (၂)ကြိမ်ပြုပြင်ဖာထေးမှုများ ပြုလုပ်ကြပါသည်။ထိုလမ်းအား ကွန်ကရစ်လမ်း

အဖြစ်သို့ အဆင့်မြင့်တင်မည်ဆိုပါက ကုန်ထွက်ပစ္စည်းများ သယ်ယူရာတွင် လည်းကောင်း၊ ဥယျာဉ်ခြံများသို့ သွားလာရာတွင် လည်းကောင်း၊ အရေးပေါ်ကိစ္စများ ကြုံတွေ့ လာလျှင် သော်လည်းကောင်း၊ ကျောင်းသား/သူများ စခန်းကြီး အလယ်တန်းကျောင်းသို့ သွားလာ ရာတွင် လည်းကောင်း စသည့်အဆင်ပြေမှုများ ရရှိလာမည်ဖြစ်ပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်း မရှိပါ။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | ၁၇'×၅'×၃' | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာ၏ တံတားအခြေအနေမှာ ဆိပ်ခံတံတား၊ ကြိုးတံတား၊ ဝါးတံတား၊ ကွန်ကရစ်တံတားနှင့် ရေကျော်တံတားများ မရှိပါ။ ရေပြွန်မှာ (၁၇'×၅'×၃') နှင့် (၁၆'×၅'×၃') (၂)စင်းရှိပါသည်။ ထိုတံတားများသည် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သဖြင့် အသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ ထို့အပြင် ပန်းစိပ်-စိုက်ပျိုးရေးသိပ္ပံကျောင်း သွားရာလမ်းပေါ်ရှိ တစ်နေရာသည် မြေနိမ့်ပိုင်းဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ ထို့ကြောင့် မိုးရာသီတွင် ကျောင်းသား/သူ များနှင့် ဈေးရောင်းသူများသည် အခက်အခဲများစွာဖြင့် ကြုံတွေ့နေရပါသည်။ ထိုနေရာတွင် (၁၄'×၅'×၃') ရှိသော ကွန်ကရစ်တံတားအသစ် တည်ဆောက် မည်ဆိုပါက ခရီးသွားလာသူများ အတွက် ပိုမို

အဆင်ပြေလာပါမည်။

## (၄-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင်☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာသည် မြစ်၊ ချောင်း၊ ပင်လယ်တို့နှင့် မနီးသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှုများ မရှိပါ။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | – | – | ၁၄ | ၆ဝ | – | ၄ | ၂ | – | – |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာသည် ကုန်းမြေအပေါ်တွင် တည်ရှိသဖြင့် လှေ၊သမ္ဗာန်နှင့် စက်လှေများ သုံးစွဲမှုမရှိပါ။ စက်ဘီးမှာ အလယ်တန်းကျောင်းသား/သူများ စခန်းကြီးကျေးရွာကျောင်းသို့ သွားလာရာတွင် အသုံးပြုကြပါသည်။ ထားဝယ်မြို့သို့ သွားရောက်ရာတွင် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားတို့ကို အသုံးပြုပါသည်။ သုံးဘီးနှင့် ကားခမှာ အသွားအပြန် (၁ဝဝဝ)ကျပ်ပေးရပြီး မော်တော်ဆိုင်ကယ်ငှားရမ်းပါက (၂၅ဝဝ)ကျပ်ပေးရပါသည်။ ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်များ(ရာဘာပြား) သယ်ယူရာ၌ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ကားနှင့် မော်တော်ဆိုင်ကယ်ကို အသုံးပြုသူများပါသည်။

### (ၗ) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☑ မရှိ☐ |
| ဆိုလာစနစ် | ၅ | ကောင်း☐ သင့်☑ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | ၁ | ကောင်း☐ သင့်☐ ညံ့ ☑ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၂၃ | ကောင်း☐ သင့်☐ ညံ့ ☑ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| လေစွမ်းအင် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၉၁ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ လေစွမ်းအား၊ ဇီဝလောင်စာ အသုံးပြုခြင်းများ မရှိပါ။ EPC မီးလိုင်းမှ တိုင်များ၊ Transformer မီးကြိုးလိုင်းများ တပ်ဆင်ထားပြီး ဓာတ်အားလိုင်း မဖြန့်ဖြူးရသေးသော အခြေအနေ ဖြစ်ပါသည်။ ဆိုလာစနစ် အသုံးပြုသူ(၅)ထောင်စုရှိပြီး ပြုပြင်ထိန်းသိမ်းမှုမှာ နည်းပညာမသိသဖြင့် အခက်အခဲရှိပါသည်။ ထို့အပြင် အသေးစားရေအားလျှပ်စစ် အသုံးပြုသူသော အိမ်ထောင်စု(၁)ခုနှင့် ဒီဇယ်ဆီသုံး မီးစက်ဖြင့် အသုံးပြုသော အိမ်ထောင်စုမှာ (၂၃)စုရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး အသုံးမပြု နိုင်သော အိမ်ထောင်စု(၉၁)စုရှိပြီး ထိုသူများသည် ဖယောင်းတိုင်နှင့် ရေနံဆီမီးများသာ အသုံးပြုရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓာတ်အားလိုင်း ချိတ်ဆက် ထားရှိမှု ရှိသော် လည်း အချိန်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်ပါ၍ အမြန်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

### (ၛ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၇၀ | ၅ | ၂၀ | ၁၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စု စာရင်းကောက်ယူမှု မှတ်တမ်းအရ ပန်းစိပ်ကျေးရွာတွင် ဖုန်းလုံးအရေအတွက် (၇၀)လုံးရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း အသင့်အတင့် ကောင်းမွန်ပါသည်။ ရေဒီယိုသုံးစွဲသော အိမ်ထောင်စုမှာ (၅)အိမ်ခန့်ရှိပြီး လူကြီးအပိုင်းများသာ အသုံးပြုကြပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာများအတွက် တီဗီ(၂၀)လုံးနှင့် ဂြိုလ်တုစလောင်း (၁၄)လုံး ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ကျေးရွာနေပြည်သူများမှ စာပေလေ့လာဖတ်ရှုမှု အားနည်းကြပြီး အများအားဖြင့် Facebook ၊Viber နှင့် Messager တို့မှသာ

သတင်းအချက်အလက်နှင့် နည်းပညာရယူမှု ပိုများပါသည်။

## (ဃ)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ ☐ မရှိ☑ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☑ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ ☐ နည်း ☑ များ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေများအနေဖြင့် လူငယ်များ အနားယူအပန်းဖြေရန် နေရာများ မရှိပါ။ ဘောလုံးကွင်းနေရာမှာ စိုက်ပျိုးမြေဖြစ်သောကြောင့် လွတ်လပ်စွာ မကစားနိုင်ပါ။ ကျေးရွာရှိ လူငယ်များသည် အားကစား စိတ်ဓါတ် မြင့်မားကြသော်လည်း အားကစားပြုလုပ်ရန် မြေနေရာမရှိသဖြင့် အခွင့် အလမ်းများ ဆုံးရှုံးနေပါသည်။ ထို့ကြောင့် ကျေးရွာရှိ လူငယ်များသည် အနီးအနားကျေးရွာ ဖြစ်သော စခန်းကြီး ကျေးရွာတွင်သွားရောက်ကစားကြရပါသည်။ဘာသာရေး၊လူမှုရေးနှင့်

သာရေး/ နာ ရေး ကိစ္စများတွင် ပါဝင်ကူညီကြပါသည်။ အမျိုးသမီးများမှာ အများအားဖြင့် အိမ်မှု ကိစ္စဆောင်ရွက်ခြင်းတို့ဖြင့်သာ အချိန်ကုန်နေတတ်ပြီး အားကစား လှုပ်ရှားမှုများ လူငယ်များ သတင်းအချက်အလက်များ ရရှိရန် စာကြည့်တိုက် ရှိသော်လည်း စာအုပ်ပြည့်စုံမှု လုံလောက်စွာ မရှိပါ။ ထို့ကြောင့် လူငယ်အများစုသည် ဖုန်းများမှ အဓိကသတင်း အချက်အလက်များကို ရရှိကြပါသည်။ သို့ဖြစ်ပါ၍ လူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ (လျှပ်စစ်ပြုပြင်ရေး၊ ကွန်ပျူတာ၊ အပ်ချုပ်စက်၊ ဆိုင်ကယ် ပြင်သင်တန်းများ) ဖွင့်လှစ်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေလာပါမည်။ သို့သော်လည်း ဝေးလံသော ကျေးရွာများတွင် ဖွင့်လှစ်မည်ဆိုပါက သွားလာရန် အခက်အခဲရှိသဖြင့် အနီးအနားကျေးရွာများတွင် ဖွင့်လှစ်မည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

## (ဈ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဈ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းစသောဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြုအဆောက်အဦများရှိခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| မှုခင်းများကာကွယ်တားဆီးလျှော့ချရေးအတွက်ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လေ့လာပါက တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်း တာဝါတိုင်များ စသည့် ဆက်သွယ်ရေးဆိုင်ရာများ အတွက် ဘေးကင်းလုံခြုံမှု ရှိပါသည်။ ထို့အပြင် လူထုအခြေပြုသဘာဝဘေး အန္တရာယ် လျှော့ချရေး အတွက် အစီအစဉ်ရေးဆွဲထားခြင်းမျိုး မရှိသည့်အပြင် အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုကို ရရှိနိုင်ခြင်းလည်း မရှိပါ။ မှုခင်းများ ကာကွယ်တားဆီးရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှု ပေးခြင်းများမှာမူ အသင့်အတင့် ရှိပါသည်။

### (ဈ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | | ခိုးမှု | | မူးယစ်ဆေးသုံးစွဲမှု | | အကြမ်းဖက်မှု | |
|---|---|---|---|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ |
| | မရှိ | ☑ | မရှိ | ☑ | မရှိ | ☑ | မရှိ | ☑ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းစိပ်ကျေးရွာအနေဖြင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(ပန်းစိပ်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး | | | | | |
| ၁ | • စိုက်ပျိုးနည်းပညာ အားနည်းခြင်း | • သမရိုးကျစိုက်ပျိုးနည်းများကို အသုံးပြုနေကြခြင်း<br>• နည်းပညာဝန်ဆောင်မှု မရရှိခြင်း | • စိုက်ပျိုးနည်းပညာများရရှိရန်ဆန္ဒရှိခြင်း | • နည်းပညာသင်တန်းများ ရရှိရန် ခက်ခဲခြင်း | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၂ | • ဈေးနှုန်း များပြားစွာ ငှါးရမ်းအသုံးပြုရခြင်း<br>• သီးနှံများ အချိန်မီ မရိတ်သိမ်းနိုင်ခြင်း | • စက်ကိရိယာမလုံလောက်ခြင်း | • ငှါးရမ်းအသုံးပြုနိုင်ခြင်း<br>• အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုစိတ်ရှိခြင်း | • ချိတ်ဆက်မှုအားနည်းခြင်း | • မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်၊ စိုက်ပျိုးရေးသုံးစက်ကိရိယာ ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်းပြီး ဝယ်ယူခြင်း | • လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း |
| ၂ | မွေးမြူရေး | | | | | |
| ၃ | • မွေးမြူရေး နည်းပညာအားနည်းခြင်း | • မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု မရရှိခြင်း | • မွေးမြူရေးနည်းပညာများအား သင်ယူလိုစိတ်ရှိခြင်း<br>• မွေးမြူရေးလုပ်ငန်းအား တိုးချဲ့ရန် မြေနေရာ ရှိခြင်း | • ချိတ်ဆက်မှုအားနည်းခြင်း | • မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • မွေးမြူရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၃ | ပညာရေး | | | | | |
| ၄ | • စာရေးခုံ မလုံ လောက်ခြင်း | • ကျောင်းသားဦးရေများလာခြင်း<br>• စာရေးခုံများ ယိုင်နေခြင်း | • ကျောင်းသားမိဘများမှ အလှူငွေအသင့် အ တင့်လှူဒါန်းနိုင်ခြင်း | | • အလှူရှင်များရှာဖွေ ခြင်း | • စာရေးခုံ(၅)စုံ ဖြည့်ဆည်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | • ဝန်ထမ်းအိမ်ရာလိုအပ်ခြင်း | • ရပ်ဝေးမှဆရာ/ဆရာမများအဆင်ပြေသလိုနေရခြင်း | • ဝန်ထမ်းအိမ်ရာဆောက်ရန်မြေနေရာရှိခြင်း | • ပညာရေးဌာနကလိုအပ်မှုကိုသိသော်လည်း ကြန့်ကြာနေခြင်း | • ပညာရေးဌာနနှင့်ချိတ်ဆက်ရန် | • ဝန်ထမ်းအိမ်ယာလိုအပ်ခြင်း |
| ၆ | • ကျန်အတန်းများ အေးချမ်းစွာ ပညာမသင်ကြားနိုင်ခြင်းမရှိဘဲ အနှောင့်အယှက်ဖြစ်ခြင်း | • KGကျောင်းသားများနှင့်အတူ ပညာသင်ကြားနေရခြင်း<br>• အခန်းပုံစံ ဖွဲ့စည်းထားမှု မရှိခြင်း | • ကျောင်းဆောက်ရန်မြေနေရာရှိခြင်း<br>• လုပ်အား အသင့်အတင့်ပါဝင်ပေးနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ပညာရေးဌာနနှင့်ချိတ်ဆက်ရန် | • KGကျောင်းအဆောက်အအုံလိုအပ်ခြင်း (၃၀ '×၂၀'×၁၂') |
| ၇ | • ကလေးများကျန်းမာကြံ့ခိုင်ရေးအတွက် အခွင့်အလမ်းများ ဆုံးရှုံးရခြင်း | • ကျောင်းအားကစားကွင်း မရှိခြင်း | • အားကစားစိတ်ဓာတ်မြင့်မားခြင်း<br>• အားကစားတွင်ထူးချွန်မှုများရှိခြင်း | | • မြေအလှူရှင်ရှာဖွေခြင်း | • ကျောင်းအားကစားကွင်း ပြုလုပ်ခြင်း |
| ၈ | • အမိုးများ ပေါက်ပြဲခြင်း<br>• မိုးရာသီတွင် မိုးယိုခြင်း | • ကျောင်းမှာ သက်တမ်းကုန်ဆုံးနေခြင်း | | • သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှု အားနည်းခြင်း | • မိဘဆရာအသင်း၊ ကျောင်း အကျိုးတော်ဆောင် အဖွဲ့မှ ဦးဆောင်၍ သက်ဆိုင်ရာ ဌာနသို့ တင်ပြခြင်း | • ကျောင်းအမိုး ပြုပြင်ခြင်း (၆၀ ' × ၃၀'×၁၂') |
| ၉ | • အရေးကြီးသော စာရွက်စာတမ်းများ ထားရှိရန် မလုံလောက်ခြင်း<br>• စာရွက်များပျက်စီးမှာ စိုးရိမ်ရခြင်း | • ဗီရို(၄)လုံးရှိသော်လည်း ဗီရို(၂)လုံးပျက်စီးနေခြင်း | • အသုံးပြုနိုင်သော ဗီရို(၂)လုံးရှိခြင်း | • | • အလှူရှင်များ ရှာဖွေခြင်း | • ဗီရို(၂)လုံး ဖြည့်ဆည်းခြင်း |
| ၁၀ | • ကျောင်းထွက်နှုန်းများပြီး ပညာတတ်နည်းပါးခြင်း | • ပညာရေးနှင့် ပတ်သက်၍ အသိပညာနည်းပါးခြင်း | • စိတ်ပါဝင်စားသူများရှိခြင်း | • ဦးဆောင်မည့်သူ မရှိခြင်း | | • ပညာရေးဆိုင်ရာဟောပြောပွဲများ ပြုလုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၁ | • ကျောင်းခြံစည်းရိုး လုံခြုံမှု မရှိခြင်း<br>• ကျွဲ၊ နွားများ ဝင်ရောက်ခြင်း<br>• ကျောင်းအင်္ဂါရပ်နှင့် မညီညွတ်ခြင်း | • ခြံစည်းရိုးအား ယာယီကာရံ ထားခြင်း | | • ငွေကြေးမတတ်နိုင်ခြင်း<br>• သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှုအား နည်းခြင်း | • ကျောင်းကော်မတီများမှ သက်ဆက်ရာဌာနတွင် တင်ပြတောင်းခံခြင်း | • ကျောင်းခြံစည်းရိုးကာရံခြင်း (၉၅'×၈၃') |
| ၄ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၁၂ | • ရွာချင်းဆက်လမ်းမကောင်းခြင်း | • လမ်းကျဉ်း၍မြေသားလမ်း ဖြစ်ခြင်း၊ ရေမြောင်းများတိမ်ခြင်း မရှိခြင်း | • လမ်းဘေးခြံများ သဘော တူညီမှုရှိခြင်း<br>• တစ်နှစ်လျှင်(၂)ကြိမ် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း<br>• လုပ်အားအသင့် အတင့်ပါဝင်ပေးနိုင်ခြင်း | • ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • စွန်တောင်ပေါ်-ပန်းစိပ် ကျေးရွာချင်းဆက်လမ်း(၇၀၀၀'×၁၂'×၆") အား ကွန်ကရစ်ခင်းခြင်း လုပ်ငန်း<br>• စိုက်ပျိုးရေးသိပ္ပံ-ပန်းစိပ်ကျေးရွာချင်းဆက်လမ်း(၄၀၀၀'×၁၂'×၆") အား ကွန်ကရစ်ခင်းခြင်း လုပ်ငန်း |
| ၁၃ | • ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း<br>• ကျောင်းသား/သူများ၊ ဆရာ/ဆရာမများ၊ ဈေးသည်များ ကျောင်းသွားရန် ခက်ခဲခြင်း | • ရေပြွန်မရှိခြင်း | • လုပ်အားအသင့်အတင့် ပါဝင် ပေးနိုင်ခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း | • ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • (၁၄'×၅'×၃')ရေပြွန်တည်ဆောက်ခြင်း |
| ၁၄ | • မိုးရာသီတွင် ရွှံ့ဗွက်များ ထခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• ရွာတွင်းလမ်းကျဉ်းမြောင်း ခြင်း | • လမ်းချဲ့ရန်မြေနေရာများ ပေးခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၅၃၀'×၁၂'×၆") |
| ၁၅ | • သောက်သုံးရေ လုံလောက်မှု မရှိခြင်း | • နွေရာသီတွင် ရေရှားပါးခြင်း | • ကျေးရွာတွင် ခပ်ရန်နေရာရှိခြင်း | • ဦးဆောင်မည့်သူမရှိခြင်း<br>• မြေနေရာ မရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • လက်တူးတွင်း(၆ø×၁၂')တူးဖော်ခြင်းလုပ်ငန်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၆ | • အသေးစားစက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခွင့်အရေးဆုံးရှုံးခြင်း<br>• ကျောင်းသားများစာကြည့်ချိန်ဆုံးရှုံးခြင်း<br>• သတင်းအချက်အလက်များအားအချိန်မီမရှိနိုင်ခြင်း | • လျှပ်စစ်မီး မရရှိခြင်း | • ကျေးရွာတွင်မီးတိုင်များ၊Transformerများ၊ မီးကြိုးများဆက် သွယ်ထား ရှိပြီးဖြစ်ခြင်း | | • လျှပ်စစ်ဝန်ကြီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင် မီးအမြန် ရရှိအောင် ဆောင်ရွက်ခြင်း |
| ၄ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| ၁၇ | • အားကစားဆောင်ရွက်ရန် နေရာမရှိခြင်း | • ဘောလုံးကွင်း မရှိခြင်း | • အုပ်စုကျေးရွာတွင် သွားရောက်ကစားနိုင်ခြင်း<br>• အားကစားစိတ်ဓာတ် မြင့်မားခြင်း | • မြေနေရာမရှိခြင်း | • မြေအလှူရှင်ရှာဖွေပြီး အားကစားကွင်းပြုလုပ်ခြင်း | • ကျေးရွာအားကစားကွင်း ပြုလုပ်ခြင်း<br>• အားကစားပစ္စည်းများ ဖြည့်ဆည်းခြင်း |
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၁၈ | • အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း | • စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းနည်းပါးခြင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်း | • အတတ်ပညာများသင်ယူရန်လူငယ်များ ရှိခြင်း | • ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ လိုအပ်ခြင်း |

နောက်ဆက်တွဲ(၄)

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ

| | |
|---|---|
| ကျေးရွာ | – ပန်းစိပ် |
| ကျေးရွာအုပ်စု | – စခန်းကြီး |
| မြို့နယ် | – လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | – တနင်္သာရီ |

**စီမံချက်အမည် –** ကျေးရွာKGကျောင်း (၃၀×၂၀×၁၂)ပေ ဆောက်လုပ်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိတွင် မူလတန်းကျောင်းသည် အခန်းများကျဉ်းမြောင်းနေပါသဖြင့် ပညာသင်ကြားရာတွင် အခက်အခဲများရှိနေပါသည်။
- ကျောင်းသားဦးရေများပြားလာပြီး အဆောက်အဦသည် သေးငယ်သောကြောင့် ကလေးများ ကစားခြင်း၊ စာသင်ခြင်း၊ ကခုန်ခြင်း၊ တီးမှုတ်ခြင်းတို့တွင် နေရာလွတ်လပ်မှုမရှိဘဲ ကျပ်တည်းစွာနေရပါသည်။
- KGကလေးများနှင့် ကျောင်း(၁)ဆောင်တည်းရှိခြင်းကြောင့် KGကလေးများ ကစားခြင်း၊ ကိုယ်ကာယလှုပ်ရှားမှု များပြုလုပ်ရာ၌ ကျန်အတန်းများ ပညာသင်ကြားရေးအတွက် အနှောက်အယှက်ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- KG ကျောင်း အင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာကောင်းတစ်ခု ရရှိရန်
- ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- အနာဂတ်ကြယ်ပွင့်ကလေးများအတွက် ပြုစုပျိုးထောင်သော အရိပ်တစ်ခု ကောင်းမွန်စွာရရှိရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- KGကျောင်းသီးသန့် ရရှိခြင်းကြောင့် ကျန်အတန်းများ ပညာကို ကောင်းမွန်စွာ သင်ကြားလာနိုင်မည်။
- ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မား လာမည်။
- ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများ ဖြစ်လာမည်။
- ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်မည်။
- ကလေးများ လွတ်လပ်စွာ ကစားခြင်း၊ ပညာသင်ကြားခြင်း၊ ကခုန်ခြင်း၊ တီးမှုတ်ခြင်းတို့တွင် အဆင်ပြေလာပါမည်။
- နောက်အနာဂတ်တွင် ထွန်းလင်းတောက်ပသော ကျောင်းသားငယ်များဖြစ်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာ KGကျောင်း (၃၀×၂၀×၁၂)ပေ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ် ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• ×× × × × × × × (ငွေသား)<br>• ××××××××××လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၃၉ | ၂၅၁ | ၄၉၀ | ၁၀ | ၂၀ | ၂၅ | ၃၀ | ၈၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၉ | ၃၅ | ၆၄ | ၁၀ | ၁၅ | ၁၉ | ၂၀ | ၆၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ပန်းစိပ်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း–** ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (ဒုတိယပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန် –** ၂၀၁၉ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာမှ လုပ်အားပါဝင်နေစေရန် ကျေးရွာလူငယ်အဖွဲ့များ၊ ပရဟိတအဖွဲ့များအား စည်းရုံးဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- KGကျောင်းဆောင် ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ / သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၂)**

| | |
|---|---|
| ကျေးရွာ | – ပန်းစိပ် |
| ကျေးရွာအုပ်စု | – စခန်းကြီး |
| မြို့နယ် | – လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | – တနင်္သာရီ |
| စီမံချက်အမည် – စွန်တောင်ပေါ်–ပန်းစိပ်ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်း ( ၇၀၀၀'×၁၈'×၆") | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• ကျေးရွာချင်းဆက်လမ်းသည် (၇၀၀၀)ပေ ရှိပါသည်။ ယခုလက်ရှိ လမ်းအကျယ်မှာ (၁၈)ပေ၊ ရေမြောင်းမှာ အချို့နေရာတွင် (၁)ပေခန့် သာရှိပြီး အချို့နေရာများတွင် မရှိပါ။<br>• လမ်းမြေအမျိုးအစားမှာ ကျောက်ရောမြေအမျိုးအစားဖြစ်ပြီး မိုးရာသီတွင် ရေမြောင်းတိမ်သောကြောင့် ချိုင့်ခွက်များ ဖြစ်ပြီး လမ်းပေါ်ရေကျော်မှုများလည်း ဖြစ်ပါသည်။<br>• ထိုလမ်းသည် ကျေးရွာထွက် ကုန်ပစ္စည်းများအား သယ်ယူရာတွင်လည်းကောင်း၊ အလယ်တန်းကျောင်းသူ/သားများ ကျောင်းသွားရာတွင်လည်းကောင်း၊ ကျေးရွာ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝတို့ဆောင်ရွက်ရာတွင် အဓိကအသုံးပြုကြပါသည်။<br>• လမ်းမှာ မညီမညာဖြစ်နေသဖြင့် အရေးပေါ်ကိစ္စများ ဆောင်ရွက်ရာ၌ လျင်မြန်စွာ သွားလာနိုင်ခြင်း မရှိဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်နေပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>• ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊<br>• သာရေး/နာရေးကိစ္စရပ်များဆောင်ရွက်ရာ၌ အဆင်ပြေစေရန်၊<br>• သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။<br>• လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန် | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူလာမည်။<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်းနည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။<br>• ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့် နေရာ များသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆသေဆုံးမှု လျော့ကျလာပါလိမ့်မည်။<br>• သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင်မည်။<br>• ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။ | |

| |
|---|
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>စွန်တောင်ပေါ်– ပန်းစိပ်ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၇၀၀၀'×၁၂'×၆") အား ခန့်မှန်းကုန်ကျငွေ (၁၂၀၀)ကျပ်သိန်းဖြင့် ဆောင်ရွက်ပါမည်။ |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၂၀၀၀၀၀၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • လုပ်အား | • ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၃၉ | ၂၅၁ | ၄၉၀ | ၁၀ | ၂၀ | ၂၅ | ၃၀ | ၈၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၉၃ | ၂၅၁ | ၄၉၀ | ၁၀ | ၂၀ | ၂၅ | ၃၀ | ၈၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ( ဒုတိယပတ်) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် –၂၀၁၉ခုနှစ်၊မတ်လ( စတုတ္ထပတ်) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်း ကွန်ကရစ်ခင်းရာတွင် ကျေးရွာမှ လုပ်အား တတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• ကျေးရွာချင်းဆက်လမ်းအား ရေရှည်ကောင်းမွန်ခိုင်ခံ့ စေရေး အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ – ပန်းစိပ်<br>ကျေးရွာအုပ်စု – စခန်းကြီး<br>မြို့နယ် – လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် – တနင်္သာရီ | |
| စီမံချက်အမည် – စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>➢ ကျေးရွာတွင် ရာဘာအား အဓိက စိုက်ပျိုးကြပြီး နည်းပညာမရှိခြင်းကြောင့် အထွက်နှုန်း နည်းနေပါသည်။<br>➢ အုပ်ချုပ်ရေးအဖွဲ့များမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးမှု မရှိသဖြင့် စိုက်ပျိုးရေး အဖြစ် အသက်မွေးသူများ စိုက်ပျိုးရေးဆိုင်ရာ အသိမြင်များ အားနည်းပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>➢ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးသဖြင့် အထွက်နှုန်းများ တိုးလာစေရန်<br>➢ မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေများ ရရှိစေရန်<br>➢ စိုက်ပျိုးရေးနည်းပညာများအား အကျိုးရှိစွာ အသုံးချနိုင်စေရန် | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>➢ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးသဖြင့် အထွက်နှုန်းများ တိုးလာပါမည်။<br>➢ မိသားစုများ အပိုဝင်ငွေ ရရှိလာပြီး စားဝတ်နေရေး အဆင်ပြေလာပါမည်။<br>➢ နည်းပညာများဖြင့် စိုက်ပျိုးသဖြင့် နှစ်ရှည်အပင်များ(ရာဘာ)ကာလကြာရှည်စွာ အကျိုးပြုနိုင်မည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>စိုက်ပျိုးရေးနည်းပညာပေးသင်တန်းအား ခန့်မှန်းကုန်ကျငွေ(၄)သန်းဖြင့် ဖွင့်လှစ်ပါမည်။ | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၄သန်း(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၃၉ | ၂၅၁ | ၄၉၀ | ၁၀ | ၂၀ | ၂၅ | ၃၀ | ၈၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၈၇ | ၈၈ | ၁၇၅ | ၅ | ၁၀ | ၅ | ၅ | ၃၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးလက်ဦးစီးဌာန
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းအား စိတ်ပါဝင်စားသူများ ပူးပေါင်းပြီး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ကာ သင်တန်းအောင်မြင်စွာ ပြီးမြောက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

– မရှိ